ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖရူဆိုမြို့နယ်**

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

မြို့မအုပ်စု၊ ခေါ်သမော ကျေးရွာ

၂၀၁၇ခုနှစ်၊ဖရူဆိုမြို့နယ်

# မာတိကာ


၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ ..... 2

၂။မြို့မ ကျေးရွာအုပ်စုအခြေပြမြေပုံ ..... 3

၄။ခေါသမော ကျေးရွာအခြေခံအချက်အလက်များ..... **Error! Bookmark not defined.**

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား ..... 4

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..... 6

(၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ ..... 6

(၂) ရာသီခွင်ပြပြက္ခဒိန် ..... 9

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ..... 12

(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း ..... 14

(၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြဇယား ..... 16

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ..... 18

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့် PRA Tools များအသုံးပြု၍အချက်အလက်ကောက်ခံခြင်း ..... 20

ခေါသမော ကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း ..... 22


၈။ကျေးရွာအချတ်အလတ်( ပုံစံ-၁ ) ..... 23

၉။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂) ..... 26


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ ) ..... 27

၁၂။ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ..... 30

# ၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ



## ၂။ မြို့မ ကျေးရွာအုပ်စုအခြေပြမြေပုံ




## ၃။ မြို့မ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းများ

၁. ဆိုလျားကူး ကျေးရွာ
၂. ထီးကလူဒေါ် ကျေးရွာ
၃. ခေါ်သမော ကျေးရွာ
၄. လောခုခူ ကျေးရွာ
၅. လောကျာ ကျေးရွာ
၆. ထီးသော်တနီးကူး ကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ခေါ်သမောကျေးရွာ)

ခေါ်သမောကျေးရွာသည် ဖရူဆိုမြို့၏ အရှေ့ဘက် ကုန်းပေါ်တွင် တည်ရှိပါသည်။ အိမ်ခြေ (၃၄) အိမ်ရှိပြီး လူဦးရေ (၂၄၈)ဦး ရှိပါသည်။ ကယားလူမျိုး အများစုသာ နေထိုင်ကြပြီး ကက်သလစ် ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ခေါ်သမော ကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း (၁၀၀)ကျော် က တည်ထောင်ခဲ့ပါသည်။ သို့သော် စာပေ မှတ်တမ်း အားနည်းမှု ကြောင့် ဦးဆောင်တည်ထောင်သူကို မသိရှိခဲ့ပေ။

ခေါ်သမော ကျေးရွာသည်  စပါး၊ ပြောင်း၊ မြေပဲ စသည့် သီးနှံများကို တောင်ယာ တွင် အဓိက စိုက်ပျိုးလုပ်ကိုင်ပြီး အသက်မွေး ဝမ်းကြောင်းပြုကြပါသည်။ ကျေးရွာတွင် အခြေခံ အဆောက်အအုံများ ဖြစ်ကြသည့် အခြေခံ ပညာမူလတန်းကျောင်း၊  ကက်သလစ် ခရစ်ယာန် ဘုရားရှိခိုးကျောင်း နှင့် ခန်းမဆောင် တို့မှာ ကျေးရွာ၏ အင်္ဂါရပ် နှင့်အညီ ထည်ဝါစွာ တည်ရှိနေပါသည်။

ကျေးရွာတွင်းတွင် လူ့အရင်းအမြစ်ဖြစ်သော ပန်းရံ ၊ လက်သမား စသည့် ကျွမ်းကျင်လုပ်သားများရှိခြင်းကြောင့် မိမိတို့ ပြုလုပ်လိုသော နေအိမ်များ၊ စီမံကိန်းနှင့် ပတ်သက်သည့် အခြေခံ အဆောက်အအုံများတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။ ဝါး ၊ကျောက်၊သဲ၊ မိရိုးဖလာကျေးရွာပိုင်သစ်တောနှင့် စိမ့်စမ်းရေ စသည့် သဘာဝ အရင်းအမြစ်များလည်းရှိပါသည်။ ၄င်းအရင်းအမြစ်များသည် မိမိတို့ ကျေးရွာအတွက် အရေးပါသဖြင့် မပျက်စီးစေရန် စောင့်ရှောက်မှုများလည်း ဆောင်ရွက်ကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA TOOLS များ |
|---|---|
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (SensonalClender) |
| ၃ | ညွှာစနေကြွယ်ဝမှုဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) |
| ၄ | ကျားမပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၅ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်းဇယား (Asset Mapping) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုမြေပုံ (Veen diagram) |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ



ကျေးရွာ။ ။ခေါ်သမော ရက်စွဲ။ ။၂၅.၁၀.၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။က (၃၁)ဦး

မ (၁၀ ) ဦး

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ခေါ်သမော ကျေးရွာ၏ မြေပုံကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင်းရှိ လူသားနှင့် လူ့အရင်းအမြစ်များ၊ စီးပွားဖြစ်အရင်းအမြစ်များ (စိုက်ပျိုးသီးနှံများ)နှင့် သဘာဝ အရင်းအမြစ်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာ၏ လူမျိုးစု၊ ကျေးရွာအနေအထား၊ တည်နေရာနှင့် ခေါ်သမော ကျေးရွာ၏ လူမှုရေး ကိစ္စရပ်များကို လေ့လာနိုင်ရန် ရည်ရွယ်ပါသည်။

ခေါ်သမော ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံအရ ကျေးရွာတွင် လူ့အရင်းအမြစ်များ (အဆောက်အဦးများ)၊ သဘာဝ အရင်းအမြစ်များ ဟူ၍ (၂)မျိုး ခွဲခြား တွေ့နိုင်ပါသည်။ ခေါ်သမော ကျေးရွာတွင် အဓိက အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ မိုးရေလှောင်ကန်၊ သင်္ချိုင်း၊ဘုရားကျောင်း၊ ထရန်စဖာ၊ ရေကန်၊ သစ်တော၊ မူကြိုကျောင်း၊ ခန်းမဆောင်၊ စာသင်ကျောင်း တို့ ဖြစ်ပါသည်။ ခေါ်သမော ကျေးရွာသို့ ဆက်သွယ်ထားသော လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရွှံ့ထူခြင်း၊ လမ်းချော်ခြင်းတို့ကြောင့် သွားလာရ ခက်ခဲပါသည်။ဆောင်းနှင့် နွေ ရာသီတို့တွင် သွားလာနိုင်သဖြင့် ရာသီထွက် စိုက်ပျိုးသီးနှံများကို ရိတ်သိမ်းသယ်ဆောင်ခြင်း၊ ရောင်းဝယ်ဖောင်းကားခြင်း တို့အတွက် လွယ်ကူ အဆင်ပြေလှပါသည်။

စိမ့်စမ်းရေထွက်ပေါက်မှ သောက်သုံးရေမှာ ယခင်က ဖူလုံသော်လည်း ယခုအခါ လူဦးရေများပြားလာသဖြင့် သောက်သုံးရေမှာ အခက်အခဲရှိလာပါသည်။ ထို့ပြင် နွေရာသီတွင် ရေရှားပါးသောကြောင့် သန့်ရှင်းသော သောက်သုံးရေ ရရှိမှုမှာ မလုံလောက်ပေ။ ခေါ်သမော ကျေးရွာ မူလတန်းကျောင်းမှာ တိုက်ဖြင့် ဆောက်လုပ်ထားပြီး KG တန်းမှ စတုတ္ထတန်းထိ ရှိပြီး ဆရာ/မ ဝန်ထမ်း အင်အားတို့မှာ မျှတမှု ရှိပါသည်။

ခေါ်သမော ကျေးရွာရှိ သဘာဝ အရင်းအမြစ်မှာ ကျေးရွာပိုင်သစ်တောများ၊ ဝါးတောများ၊ စိမ့်စမ်းရေနှင့် တောင်ယာများ ဖြစ်ပါသည်။ ခေါ်သမော ကျေးရွာတွင် ရှိသော လူ့အရင်းအမြစ်များ နှင့် သဘာဝ အရင်းအမြစ်များမှာ ကျေးရွာအတွင်းရှိ လူဦးရေ ထူထပ်လာမှုကြောင့် မလုံလောက်မှုများ ဖြစ်နေပါသည်။ လွန်ခဲ့သော ၅ နှစ်မှ စ၍ မြေယာအသုံးချမှု များလာခြင်းကြောင့် စိုက်ပျိုးမြေ နည်းပါးလာပြီး ရေအရင်းအမြစ်မှာလည်း စတင်လျော့နည်းလာပါသည်။ သဘာဝ အရင်းအဖြစ်များရှိသဖြင့် ကျေးရွာတွင် လိုအပ်သော သစ်၊ ဝါး ၊ ကျောက်များကို အလွယ်တကူ ထုတ်ယူသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပါသည်။ ခေါ်သမော ကျေးရွာတွင် ကယားလူမျိုးစု တစ်စုတည်းသာ စုပေါင်း နေထိုင်ကြပြီး ကက်သလစ်ခရစ်ယာန် ဘာသာကို ယုံကြည် ကိုးကွယ်ကြပါသည်။ ခေါ်သမော ကျေးရွာတွင် အိမ်ထောင်စုမှာ (၄၃)စု ရှိပြီး အခြား ကျေးရွာသို့ ပြောင်းရွှေ့သွားခြင်း မရှိပေ။

ခေါ်သမော ကျေးရွာတွင် လွတ်တော် ရန်ပုံငွေဖြင့် ရွာထိပ်လမ်းမှ စ၍ ပေရှည် ၅၀၀ဝခန့်ကို ကျောက်ချောလမ်းခင်းရန် လျာထားပါသည်။ ရွာ၏ အနောက်ဘက်တွင် လူထု ဗဟိုပြု


စီမံကိန်း(CDD)မှထောက်ပံ့ရန်ပုံငွေဖြင့် ဂါလံ ၆၀၀၀ ဆန့် ရေကန်နှင့် ခြံစည်းရိုးကို တိုးချဲ့ဆောက်လုပ်လာနိုင်ခဲ့ပါသည်။

ခေါ်သမော ကျေးရွာ၏ မြေပုံ သုံးသပ်ချက်အရ-

(၁) နွေရာသီတွင်ရေမလုံလောက်ခြင်း။

(၂) သစ်တောအရင်းအမြစ်နည်းပါးလာခြင်း။

## (၂) ရာသီခွင်ပြပြက္ခဒိန်



ကျေးရွာ။ ။ခေါ်သမော ရက်စွဲ။ ။၂၅. ၁၀. ၂၀၁၇
အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၃၁) ဦး
မ (၁၀) ဦး

## ရာသီခွင်ပြက္ခဒိန်သုံးသပ်ချက်

ရာသီခွင်ပြ ပြက္ခဒိန် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ခေါ်သမော ကျေးရွာ၏ တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် အပြောင်းအလဲများကို မှတ်တမ်း တင်ရန်၊ အိမ်ထောင်စုများ၏ မတူညီသော အခက်အခဲများကို သုံးသပ်ရန်၊ အချိန်အပိုင်းအခြား အလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကို သိရှိရန်၊ ရာသီဥတုနှင့် ပွဲတော် အခြေအနေများကို သိရှိလာစေရန် ရည်ရွယ်ပါသည်။

ခေါ်သမော ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် အရ ခေါ်သမော ကျေးရွာ၏ အဓိက အသက်မွေး ဝမ်းကြောင်းမှာ တောင်ယာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး လုပ်ကိုင် ကြပါသည်။ တောင်ယာလုပ်ငန်းကို တစ်နှစ်ပတ်လုံး မလုပ်ကိုင်နိုင်ပါ။ တောင်ယာလုပ်ငန်းသာ လုပ်ကိုင်ခြင်းကြောင့် မျိုးစေ့များကို သူ့ရာသီနှင့်ကိုက်ညီစွာ စိုက်ပျိုး၊ ပေါင်းရှင်း၊ ရိတ်သိမ်းကြပြီးလျှင် နွေရာသီတွင် အလုပ်ပါးသွားပါသည်။ အချို့သော အိမ်ထောင်ဦးစီးများမှာ အခြားဒေသ၊ မြို့များသို့ သွား၍ ဝင်ငွေရှာကြသည်။ သက်ကြီးရွယ်အို အမျိုးသမီးအများစုမှာ ရိုးရာ လက်ယက်ကန်းဖြင့် စောင်၊ ကယားလွယ်အိတ် စသည်တို့ကို တပိုင် တနိုင် လုပ်ကိုင်ကြပါသည်။ ၄င်းရိုးရာ လက်ယက်ကန်းလုပ်ငန်းမှာ နည်းပညာ အားနည်းနေသည့်အတွက် စီးပွားဖြစ် မဖြစ်ထွန်းသေးချေ။

ခေါ်သမော ကျေးရွာသည် ရာသီ သီးနှံများသာ စိုက်ပျိုးကြပြီး ရိတ်သိမ်းထားသော သီးနှံများကို ရောင်းချခြင်းဖြင့် ဝင်ငွေ ရရှိကြပါသည်။ ကျေးရွာတွင် အနွမ်းပါးဆုံးသော အိမ်ထောင်စု အနည်းငယ် လုပ်ကိုင် မှီခိုကြသော လုပ်ငန်းများမှာ တောင်ယာ၊ လယ်ယာ အငှားလိုက်ခြင်း ဖြစ်ပါသည်။ တစ်နှစ်တာ ဝင်ငွေလုံလောက်မှု မရှိသော အချို့နွမ်းပါးသူ အိမ်ထောင်စုမှာ တောင်ယာ အငှားလိုက်ခြင်းမှ ရရှိသောလုပ်အားခ စုဆောင်းရငွေနှင့် တောင်ယာ အနည်း အကျဉ်းလုပ်၍ ရရှိလာသောစပါးများကို ရောင်းချခြင်း မပြုဘဲ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံအောင် ချွေတာ စားသုံးခြင်းရပါသည်။

နွေရာသီ အလုပ်ပါးချိန်တွင် အချို့သောအိမ်ထောင်စုများမှာ ဝါးဖြင့် ဝါးထရံများယက်လုပ်ကာ အခြားမြို့နယ်သို့ ရောင်းချမှုများ လုပ်ဆောင်ကြပါသည်။ ခေါ်သမော ကျေးရွာရှိ အချို့သော အမျိုးသမီးများမှာ အခြားသော အစိုးရဌာန၊ ဖွံ့ဖြိုးရေးဌာနတို့တွင် တာဝန်ထမ်းဆောင်နေကြပါသည်။

အသက်မွေး ဝမ်းကျောင်းနှင့် ပတ်သက်သော ပြဿနာ အခက်အခဲမှာ (ဥပမာ- မုဆိုးမ ဦးဆောင်ရသော အိမ်ထောင်စု၏ အဓိက တောင်ယာ လုပ်ငန်းတွင် အမျိုးသား အင်အားဖြင့် ပြုလုပ်ရသော အရာတွင် ယောကျာ်းသားမရှိခြင်းကြောင့် အခက်အခဲ ရှိပါသည်။) ခေါ်သမော ကျေးရွာတွင်းရှိ အမျိုးသမီးအများစုမှာ တောင်ယာ လုပ်ငန်း၊ ဒေသထွက် အသီးအရွက်များကို ဖရူဆိုမြို့ (၅)ရက်တစ်ဈေးတွင်ရောင်းချခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းပြု ကြပါသည်။ ကျေးရွာတွင်း နေ့စား လုပ်အားခ တစ်ရက်နှုန်းထားမှာ(၅၀၀၀)ကျပ် ဖြစ်ပြီး အလုပ်ကျပ်ချိန် ဖြစ်သည့် ရိတ်သိမ်းချိန်တွင် လုပ်အားခမှာ (၆၀၀၀)ကျပ် အထိ တိုးငှားရမ်း ကြပါသည်။ ခေါ်သမော ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး လုပ်အားခမှာ တန်းတူ ရရှိကြပါသည်။ အမျိုးသမီးများ၏ အဓိက အသက်မွေး ဝမ်းကြောင်းလုပ်ငန်းနှင့် ပတ်သက်သော


ပြဿနာ၊ အခက်အခဲမှာ တောင်ယာ စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေး နည်းပညာ အားနည်းခြင်း၊အရှက်အကြောက်ကြီးစိုးခြင်း တို့ကြောင့် ဖြစ်ပါသည်။

ခေါ်သမော ကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်အရ -

(၁) စိုက်ပျိုးရေးလုပ်ငန်းအသင့်အတင့်အောင်မြင်ခြင်း။

(၂) ဂင်ငွေအတင့် အသင့် ရှိခြင်း စသည်တို့ဖြစ်သည်။

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



ဥစ္စာဓန အဆင့် သတ်မှတ်ချက်

ခေါ်သမော ကျေးရွာ

ရက်စွဲ - 25. 10. 2017

ရည်ရွယ်ချက်

* ကျေးရွာအတွင်းရှိ စီးပွားရေးအခြေအနေနှင့် ကွာခြားမှုကို သိရှိရန်၊
* ကျေးရွာစီမံချက်ရေးဆွဲရာတွင် လူပေါင်းပါဝင်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် အားလုံးအကျိုးပြုစေရန်။

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | လယ်တွင်း ဧက၊ ထော်လာဂျီ ဆိုင်ကယ်၊ နွား ကောင်ရေ - ၁၀ တောင်ယာ - ၁၂ ဧက၊ တိုက်အိမ် | ၃ စု | ၇% |
| အသင့်သင့် အုပ်စု | ထော်လာဂျီ၊ ဆိုင်ကယ် နွား - ၅ ကောင်၊ တောင်ယာ - ၆ ဧက ပျဉ်အိမ်၊ သွပ်မိုး၊ နွားလှည်း | ၁၀ စု | ၂၃% |
| မပြေလည်သော အုပ်စု | ဆိုင်ကယ်၊ နွား - ၃ ကောင် တောင်ယာ - ၃ ဧက ပျဉ်အိမ် သွပ်မိုး၊ သက်ကယ်မိုး၊ နွားလှည်း | ၁၈ စု | ၄၂% |
| နွမ်းပါးသော အုပ်စု | နွား - ၂ ကောင် ဝါးထရံအိမ် + သက်ကယ်မိုး၊ နွားလှည်း တောင်ယာ - ၂ ဧက | ၁၂ စု | ၂၈% |

ပါဝင်ဆွေးနွေးသူ ကျား - ၃၀ ဦး
မ - ၁၀ ဦး
ပေါင်း - ၄၀ ဦး

ကျေးရွာ။ ။ခေါ်သမော ရက်စွဲ။ ။၂၅. ၁၀. ၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၃၁) ဦး

မ (၁၀) ဦး

**ဥစ္စာဓနအဆင့်သတ်မှတ်မှုသုံးသပ်ချက်**

ဥစ္စာဓန အဆင့် သတ်မှတ်မှု ပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခေါ်သမော ကျေးရွာတွင် ရှိသော ချမ်းသာသော အုပ်စု၊ ထိခိုက်လွယ်သော အုပ်စု၏ ပိုင်ဆိုင်မှုများအား သိရှိနားလည် စေရန်နှင့် စီမံကိန်းလုပ်ငန်း ရေးဆွဲရာတွင် လူနည်းစုများ ပါဝင် လာစေရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို မြင်သာစေရန် ရည်ရွယ်ပါသည်။

ခေါ်သမော ကျေးရွာ၏ ဥစ္စာဓန အဆင့် သတ်မှတ်ခြင်း ပြဇယားအရ ခေါ်သမော ကျေးရွာတွင် ချမ်းသာသောအုပ်စု၊ မပြေလည်သော အုပ်စု၊ အသင့်အတင့်ရှိသောအုပ်စု၊ နွမ်းပါးသော အုပ်စု ဟူ၍ (၄)မျိုး ခွဲခြား တွေ့မြင်နိုင်ပါသည်။ ခေါ်သမော ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၃)စု ရှိသည့်အနက် ပြေလည်သော အိမ်ထောင်စုမှာ (၃)စု ရှိပြီး ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ လယ်ထွန်စက်၊ ဆိုင်ကယ်၊ ထော်လာဂျီ ၊နွားအကောင်ရေ (၁၀)ကောင် အထက်ရှိခြင်း၊ တောင်ယာ (၁၂)ဧက အထက်ရှိခြင်း၊ တိုက်အိမ်နှစ်ထပ်ရှိခြင်း တို့ဖြစ်သည်။ အသင့်တင့်သော အုပ်စုမှာ (၁၀)စု ရှိပြီး ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ ၎င်းအိမ်ထောင်စုတွင် ဆိုင်ကယ် ၊ ထော်လာဂျီ၊ တောင်ယာ မြေဧက (၆) ဧက အောက် ရှိခြင်း၊ နွား(၅) ကောင်အောက်ရှိခြင်း၊ ပျဉ်ထောင်အိမ်၊ သွပ်မိုး၊ နွားလှည်းရှိခြင်း တို့ဖြစ်ပါသည်။ သားသမီးမှာ (၁၀)တန်းအောင်ပြီး တက္ကသိုလ် တက်ရောက်နိုင်သည်။ မပြေလည်သော အိမ်ထောင်စု (၁၈)စု ရှိပြီး ဆိုင်ကယ်၊ နွား(၂)ကောင်၊တောင်ယာ အနည်းငယ်၊ ပျဉ်ထောင်သွပ်မိုး၊ နွားလှည်း တို့ဖြစ်သည်။ နွမ်းပါးသည့် မိသားစု (၁၂)စု ရှိပြီး ကျောင်းနေ ကလေးအရွယ် များပြားခြင်း၊ တောင်ယာခင်း အနည်းငယ် ရှိသော်လည်း အရင်းအနှီးမရှိခြင်း၊ အပိုဝင်ငွေ မရှိခြင်း၊ ဝင်ငွေမှာ တောင်ယာ အငှားလိုက်ခြင်း ပေါ်တွင် မှီခိုနေရခြင်း တို့ကြောင့် ဖြစ်ပါသည်။


ခေါ်သမော ကျေးရွာတွင် ဆင်းရဲ နွမ်းပါးသော အိမ်ထောင်စု များကို ကျေးရွာ ဖွံ့ဖြိုးရေးတွင် ပါဝင်လာနိုင်စေရန် အတွက် ၎င်းတို့နှင့် တိုက်ရိုက် အကျိုးခံစားခွင့် ရရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမိုစိတ်ဝင်စား ကြပါသည်။ ဥပမာ- နွမ်းပါးသော အိမ်ထောင်စု အတွက် စိုက်ပျိုးရေးတွင် အရင်းအနှီး စိုက်ထုတ်ပေးခြင်း၊ အသက် မွေးဝမ်းကျောင်း အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်စေသော လက်မှုပညာ၊ စိုက်ပျိုးရေး နည်းပညာကို ပိုမို စိတ်ဝင်စားကြပါသည်။

ခေါ်သမော ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်မှုပြဇယား၏သုံးသပ်ချက်အရ-

(၁) တောင်ယာခင်းများသော်လည်းလုပ်ကိုင်နိုင်ရန် အရင်းအနှီးမစိုက်ထုတ်နိုင်ခြင်း။

(၂) နည်းပညာဆိုင်ရာဗဟုသုတအားနည်းခြင်း။

(၄) ကျားမပင့်ကူအိမ်သုံးသပ်ခြင်း



ကျေးရွာ။ ။ခေါ်သမော ရက်စွဲ။ ။၂၅.၁၀.၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၃၁)ဦး

မ (၁၀) ဦး

## ပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ် သုံးသပ်ခြင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခေါ်သမော ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ လူမှု့ရေးတွင် ပါဝင်မှု အခန်းကဏ္ဍများအား သိရှိမြင်သာစေရန်နှင့် စွမ်းဆောင်ရည်များအား သိရှိမြင်သာစေရန် ရည်ရွယ်ပါသည်။

ခေါ်သမော ကျေးရွာ၏ ကျား၊မပင့်ကူအိမ်သုံးသပ်ချက်အရ ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများသည် ကျေးရွာအတွင်းရှိ သာရေး၊ နာရေး စသည့် အဖွဲ့အစည်းများ ပူးပေါင်း ပါဝင်မှု၊ပညာရေး၊ ကျန်းမာရေးလက်လှမ်းမီမှု၊ ဝင်ငွေရရှိမှုနှင့် အမွေရရှိမှု တို့တွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူ ညီမျှမှုများ ရှိနေပါသည်။ ခေါ်သမော ကျေးရွာတွင်းရှိ အမျိုးသားများသည် အမျိုးသမီးများထက် ဆုံးဖြတ်ချက်ချနိုင်မှု၊ ခေါင်းဆောင်မှုများတွင် အမျိုးသားများက ပိုမို ဦးဆောင်နေခြင်းကို လေ့လာ တွေ့ရှိပါသည်။ အိမ်တွင်းမှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို စွမ်းဆောင် နေရခြင်းကို တွေ့ရှိရပါသည်။ ခေါ်သမော ကျေးရွာတွင် အမျိုးသမီးလုံခြုံမှု နှင့် ပတ်သက်၍ အမျိုးသားများထက် အားနည်းနေပါသည်။ အမျိုးသမီးများသည် အိမ်မှု့ ကိစ္စတွင်သာ ရာနှုန်းပြည့် အချိန်ပေးရခြင်းကြောင့် ဦးဆောင်ဆုံး ဖြတ်ချက်ချမှု့တွင် အားနည်းနေပါသည်။ ခေါ်သမော ကျေးရွာရှိ အမျိုးသမီးများ အဓိက ရင်ဆိုင် နေရသည့် အခက်အခဲ ပြဿနာမှာ ပညာရေး လက်လှမ်းမှီမှု့ အားကောင်း သော်လည်း ရိုးရာ အစဉ်အလာများ စိုးမိုးထားခြင်း၊ အရက်၊ အကြောက်တရား ကြီးစိုးခြင်း တို့ကြောင့်ဖြစ်ပါသည်။ အမျိုးသမီးများ ဘဝ တိုးတက် မြင့်မား လာစေရန် ရိုးရာဓလေ့နှင့် လျော်ညီသော အယူအဆ (ပြောင်းလဲသင့်သောအရာများ) ပြုပြင်ရန် လိုအပ်နေပါသေးကြောင်း သုံးသပ်ထားပါသည်။

ခေါ်သမော ကျေးရွာတွင် အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်လာစေရန် အမျိုးသားများမှ တာဝန် ခွဲဝေယူမှု့၊ အသိပညာပေး ဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ ဦးဆောင်မှု့ကို လက်ခံ လေးစားပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ရန် လိုအပ်နေပါသေးကြောင့် သုံးသပ် ထားပါသည်။


ခေါ်သမော ကျေးရွာ၏ ကျား၊မ ပင့်ကူအိမ် သုံးသပ်ချက် အရ -

(၁) အမျိုးသမီးများ အိမ်တွင်းမှု့တွင် ပိုမို ဦးဆောင်နေရခြင်း။

(၂) အမျိုးသမီးများ ပညာရေး အားကောင်း သော်လည်း ရိုးရာဓလေ့၊ အယူအဆများအား ယခုထိတိုင်အစွဲအလမ်း ရှိနေသေးခြင်း။

(၃) ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ဦးဆောင် ဆုံးဖြတ်ချက် ချမှတ်ရာတွင် အားနည်းသေးခြင်း။

## (၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြဇယား



ကျေးရွာ။ ခေါ်သမော ရက်စွဲ။ ။၂၅.၁၀.၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၃၁)ဦး

မ (၁၀) ဦး

## အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြသုံးသပ်ချက်

အရင်းအမြစ်များ သုံးစွဲ ထိန်းချုပ်မှု့ ပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခေါ်သမော ကျေးရွာတွင် ရှိသော အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ ပိုင်ဆိုင် ထားရှိနေခြင်းကို သိရှိစေရန်၊ကျေးရွာတွင်း အခက်အခဲများ၊ ဦးစားပေး အဆင့်များ၊ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ကွဲပြားခြားနားမှု့များကို သိရှိနားလည်စေရန် ဖြစ်ပါသည်။

ခေါ်သမောကျေးရွာ၏ အရင်းအမြစ်များ သုံးစွဲထိန်းချုပ်မှု့ပြဇယား၏ သုံးသပ်ချက် အရဆို ကျေးရွာတွင် သဘာဝအရင်းအမြစ်နှင့် လူ့အရင်းအမြစ် ဟူ၍ (၂)မျိုး တွေ့ရပြီး အရင်းအမြစ် သုံးစွဲမှု့နှင့် ထိန်းချုပ်ထားရှိမှု့ကို (၃)မျိုး ကွဲခြား တွေ့မြင်နိုင်ပါသည်။သဘာဝ အရင်းအမြစ်များမှာ စိမ့်စမ်းရေ၊သဲတောင်၊ သစ်၊ ဝါး၊ တောင်ယာ၊ ကျောက်တောင်၊ သစ်တော၊ များဖြစ်ပြီး လူ့အရင်းအမြစ်များမှာ လက်သမား၊ ပန်းရံ၊ လက်ယက်ကန်း တို့ဖြစ်သည်။

ခေါ်သမော ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး နှစ်ဦးလုံး အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ ဆိုင်ကယ်၊ ဘုရားကျောင်း၊ စာသင်ကျောင်း တို့ဖြစ်ပါသည်။ ရွာအနီး ပတ်ဝန်းကျင်ရှိ သဲတောင်မှ သဲများကို ကိုယ်ပိုင် အဆောက်အအုံများဖြစ်စေ၊ စီမံကိန်းနှင့် သက်ဆိုင်သော အခြေခံ အဆောက်အအုံ အတွက်ဖြစ်စေ လိုအပ်သလောက် ထုတ်ယူ သုံးစွဲနိုင်ပါသည်။ လက်ယက်ကန်းမှာမူ အမျိုးသမီးများသာ အသုံးပြုပြီး အမျိုးသမီးများသာ ထိန်းချုပ်ထားကြပါသည်။အဘယ်ကြောင့်ဆိုသော် ၎င်းလက်ယက်ကန်း ယက်လုပ်ခြင်းကို အမျိုးသမီးများကသာ လုပ်ကိုင်ရခြင်းကြောင့် ဖြစ်သည်။ခေါ်သမော ကျေးရွာရှိ အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ တန်းတူ အသုံးပြု ထိန်းချုပ်ထားသော်လည်း များသောအားဖြင့် အမျိုးသားများသာ ဦးဆောင်ဖြတ် ချက်ချကြပါသည်။ အမျိုးသမီးများသည် ဆွေးနွေး အကြံပေးမှုများဖြင့်သာ ပါဝင် ဆောင်ရွက်နိုင်ပါသည်။


ခေါ်သမော ကျေးရွာ၏အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှု့ပြဇယား၏သုံးသပ်ချက်အရ -

(၁) ကျေးရွာတွင်းလူ့အရင်းအမြစ်များ၊သဘာဝအရင်းအမြစ်များကိုကျား၊မတန်းတူ အသုံးပြုကြခြင်း။

(၂) ကျေးရွာတွင်းအရင်းအမြစ်များကိုကျား၊မတန်းတူ ထိန်းချုပ်ထားကြသော်လည်း များသောအားဖြင့် အမျိုးသားများဦးဆောင်ဆုံးဖြတ်ချက်ချခြင်း။

(၃) အချို့သောအရင်းအမြစ်များအပေါ် အမျိုးသမီးများမှအကြံပြုဆွေးနွေးမှု့များပေးနိုင်ခြင်း။

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ



ကျေးရွာ။ ခေါသမော ရက်စွဲ။ ။၂၅. ၁၀. ၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၃၁) ဦး

မ (၁၀) ဦး

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

အဖွဲ့အစည်း ချိတ်ဆက်မှုပြမြေပုံ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ထီးကလူဒေါ် ကျေးရွာ အတွင်းရှိ ကွဲပြားခြားနားသော အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ပြင်ပမှ အဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် ချိတ်ဆက် အကျိုးပြုပုံကို သိရှိစေရန် ဖြစ်ပါသည်။

ခေါသမော ကျေးရွာတွင် ကျေးရွာမှ ဖွဲ့စည်းထားသော အဖွဲ့များ၊ အခြားပြင်ပမှ လာရောက်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့ ဟူ၍ (၂)မျိုး တွေ့နိုင်ပါသည်။ခေါသမော ကျေးရွာ အတွင်းတွင် ဖွဲ့စည်းထားသော အဖွဲ့ပေါင်း (၁၅)ဖွဲ့ရှိပြီး ကျေးရွာ၏ လိုအပ်ချက်များ ဖြစ်သော ကျန်းမာရေး၊ ဘာသာရေး၊ ပညာရေး၊ ကျေးရွာ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား လုပ်ဆောင်နိုင်ရန်အတွက် လာရောက် ချိတ်ဆက်သော အဖွဲ့အစည်းပေါင်း (၁၂)ဖွဲ့ ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ လုပ်ငန်းများ၊ အခြား ပညာပေးရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာများ အတွက် ပြင်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ကြပါသည်။

ခေါသမော ကျေးရွာတွင် ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီ၊ မိခင်ကော်မတီ၊ ရေကော်မတီ၊ CDDကော်မတီ၊ မူကြိုကော်မတီ၊ သစ်တောကော်မတီ၊ မြစိမ်းရောင်ကော်မတီ၊ ဆယ်ကျော်သက်အဖွဲ့ စသည့် အဖွဲ့အစည်းများမှာ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော အရာများတွက် အဓိက ဦးဆောင် ပါဝင်ကြပါသည်။ CAအသင်း၊ သံတာ အားနာအသင်း၊ မယ်တော်သမီးအသင်း၊ လူငယ်အဖွဲ့တို့မှာ ဘာသာရေး အဖွဲ့အစည်းများဖြစ်ပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် အဓိက ပါဂင်သည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးလက်ဦးစီးဌာနရုံး၊ မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၊ အုပ်စု အုပ်ချုပ်ရေးမှူး၊ EPC ရုံးတို့နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ဆောင်ပေးပါသည်။ ကျေးရွာ တွင်းလမ်းများ၊ ရေရရှိရေး၊ မီးလင်းရေး၊ အဆောက်အဦး တိုးချဲ့ရေးများ ရှိပါက လူထု ဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက်ကာ လုပ်ဆောင်ကြပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး KNPP ဆေးကျောင်းပိုးအိတ် အဖွဲ့နှင့်မြို့နယ် ကျန်းမာရေးဌာန အသီးသီးတို့နှင့် ချိတ်ဆက် ဆောင်ရွက် ထားရှိကြပါသည်။

ခေါသမော ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်အရ -

(၁) ကျေးရွာတွင် ဖွဲ့စည်းထားသော ကော်မတီအဖွဲ့များမှာ ကျေးရွာရှိ သက်ကြီးရွယ်အိုများ၊ ထိခိုက်လွယ်အုပ်စုများ ပါဝင်သည့် ကော်မတီဝင် အဖွဲ့များဖြင့် ဖွဲ့စည်းထားခြင်း။

(၂) ကျေး ရွာတွင်း အဖွဲ့အစည်းများနှင့် ပြင်ပမှ ဖွံ့ဖြိုးရေး လုပ်ဆောင်သည့် အဖွဲ့အစည်းများ ကောင်းမွန်စွာ ချိတ်ဆက်ထားရှိခြင်း။

(၃) ကျေးရွာတွင်း ဖွဲ့စည်းထားသော အဖွဲ့ အသီးသီးမှ ကော်မတီဝင်များသည် ကဏ္ဍ အလိုက် ပါဝင် လုပ်ဆောင်နေခြင်း။

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့်PRAToolsများအသုံးပြု၍အချက်အလက်ကောက်ခံခြင်း



၄



# ခေါ်သမောကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးအန်တောညို | ကျား | | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၂ | ဒေါ်ဆော်မိုး | | မ | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၃ | ဦးဗျားရယ် | ကျား | | စောင့်ကြည့်၊ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဦးဗျားရယ် | ကျား | | စောင့်ကြည့်၊ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဒေါ်ပရမိုး | မ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၆ | ဦးသဲရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးကူးရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဒေါ်သဲမာ | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၉ | ဦးခူးဗျားရယ် | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဒေါ်ထျူရှုမိုး | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၁ | **ဦးဖဲဘူး** | **ကျား** | | **လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ** |
| ၁၂ | ဒေါ်ကေးမိုး | | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၃ | ဒေါ်ထျေးမိုး | | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၄ | **ဒေါ်ကူးမိုး** | | **မ** | **လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ** |
| ၁၅ | ဦးထေးရယ် | **ကျား** | | **ကျေးရွာစာရင်းကိုင်** |
| ၁၆ | **ဦးခူးရီရယ်** | **ကျား** | | **စေတနာ့ဝန်ထမ်း** |
| ၁၇ | **ဒေါ်ရှေးမိုး** | | **မ** | **စေတနာ့ဝန်ထမ်း** |

# ၈။ကျေးရွာအချက်အလက်(ပုံစံ-၁ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၁.၂၀၁၇

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်း သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ ဖြည့်စွက်ရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး[illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား၊ မြို့နယ် [illegible] | ကျေးရွာအုပ်စု မြို့မ | ကျေးရွာ ခေါ်သမော |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | 43 | ဘာသာ (၁) RC ခရစ်ယာန် | 43 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျ - ၅<br>မ - ၅ ၁၀ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၈၀ ဦး | ၁၀၉ ဦး |
| လူမျိုးစု (၁)------------------------ | ၃၈၀ ဦး | ၁၀၉ ဦး |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | ၃၉ | ၄ |

**(စ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် မူကြိုကျောင်း ကိုယ်ထူကိုယ်ထ | | မှတ်ချက် | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

- ကျောက်ကြမ်းလမ်း
- ကျောက်ခင်းလမ်း
- ကတ္တရာလမ်း
- မြေသားလမ်း (circled)
- ကွန်ကရစ်လမ်း
- လူသွားလမ်း
- မော်တော်ဆိုင်ကယ်လမ်း
- အခြား __________

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၅


ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | က . | |
| ၂ | [illegible] | မ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ 26.10.2017

# ၉။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်၊ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ 26.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု မြို့မ | ကျေးရွာ ခေါ်သဘမော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 25.10.17 | 25.10.17 | 31 | 10 | 41 | 41 ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 26.10.17 | 26.10.17 | 31 | 10 | 41 | 41 ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 30.10.17 | 30.10.17 | 13 | 14 | 27 | 25 ကယား၊ 1 ကယော၊ 1 [illegible] |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

# ၁၇။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၀၇.၂၀၁၆

**ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်အယ်လီဇဘက် | | | | |
| နေ့စွဲ 26.10.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖြူ.မ | ကျေးရွာ ခေါ်သမော | | |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေကာက်ဆက်တွဲ | ၁ | |
| ၂ | | ၂ | |
| ၃ | | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လုံခြုံစိတ်ချသောမူကြိုကျောင်းရှိရန် | ၁ | ယုံလောက်သောရေလှောင်ကန်ရှိရန် |
| ၂ | ရေလုံလောက်မှုရှိပြီး တကိုယ်ရေသန့်ရှင်းမှုရှိလာရန် | ၂ | ကျန်းမာရေးအတွက်ဆေးပေးခန်းရှိရန် |
| ၃ | [illegible] လမ်းကျောက်များခင်းပြီးရှိလာရန် | ၃ | ၅ နှစ်အောက်ကလေးငယ်များ၊ မူကြိုကျောင်းတက်နိုင်ရန် |
| ၄ | ကျေးရွာ အခြေခံ အားကစားကွင်းရှိလာရန် | ၄ | ရွာတွင်းလမ်း ကျောက်ခင်းလမ်း ဖြစ်လာရန် |
| ၅ | ရေခံပလမ်း ညီညာပြီး သွားလာရေး အဆင်ပြေရန် | ၅ | စာကြည့်တိုက်ရှိပြီး စာပေဗဟုသုတ လေ့လာနိုင်ရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း (25'x18'x12') | ကျား + မ | 8,700,000 | ၂၄၈ ဦး |
| ၂ | ဆေးပေးခန်း အုတ် 18x12x12 | မ | 4,000,000 | ၂၄၈ ဦး |
| ၃ | စာကြည့်တိုက် | မ | 5,000,000 | ၂၄၈ ဦး |
| ၄ | ရွာတွင်းကျောက်ခင်းလမ်း | ကျား + မ | 5,000,000 | ၂၄၈ ဦး |
| ၅ | အားကစားကွင်း | ကျား | 5,000,000 | ၂၄၈ ဦး |

လူထုဖဟိုပြုစီမံကိန်း၊၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

(က) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဖဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — **ရှိပါသည်** (circled) / မရှိပါ / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅ / မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — **ပြုခဲ့ပါသည်** (circled) / မပြုခဲ့ပါ / မသိပါ

(ခ) ဝေးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ဝေးကွာမှုမည်မျှကွာဝေးသနည်း? — မိုင် 2 မိုင် ၃ ဖာလုံ / မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၂၀ — ထော်လာဂျီ / ✓ မော်တော်ဆိုင်ကယ် / ခြေလျင် / လှည်း / မော်တော်ဘုတ် /

အခြား ------------------

မိုးရာသီတွင်ကြာချိန် မိနစ် ၃၀ — ထော်လာဂျီ / ✓ မော်တော်ဆိုင်ကယ် / ခြေလျင် / လှည်း / မော်တော်ဘုတ် /

အခြား ------------------

(ဂ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ — မိုးသောက်ရေ [illegible] ကျောက်ဂူ (ဖပါး ကျိုက်ပိုး)

နေ့အိပ် မီးလောင် (တကွာလုံး အိမ်ခြေ ၆၀)

အကုန် မီးလောင်

(ဃ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောင်းကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရှေ့ကြိုကျောင်းကော်မတီ.

(၂) သစ်တောကော်မတီ၊ မီးလင်းရေးကော်မတီ၊ ရေကော်မတီ၊ လမ်းကော်မတီ.

ကျေးရွာခေါင်းဆောင် — အမည် ဦးရီ[illegible]

လက်မှတ် [signature] — နေ့စွဲ ၂၅.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်[illegible]

လက်မှတ် [signature] — နေ့စွဲ ၂၈.၁၀.၂၀၁၇

အမျိုးသမီး အဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ

၁။ အရေးပေါ်ကိုယ်ဝန်ဆောင် မိခင်များ အရေးပေါ်အခြေအနေတွင် ကုသ မှုခံယူနိုင်ရန် ဆေးပေးခန်း ရှိသော်လည်း ဝန်ထမ်း မရှိခြင်းကြောင့် ခက်ခဲခြင်း

၂။ စီးပွားရေး ကျပ်တည်း သဖြင့် မီတာဘောက် မဝယ်ယူနိုင်သောကြောင့် အိမ်တိုင်ရာ လျှပ်စစ်မီး မရရှိနိုင်ခြင်း။

၃။ ရွာချင်းဆက်လမ်း မညီညာမှုကြောင့် သွားလာရ ခက်ခဲခြင်း။

၄။ ကျောင်းသား ဦးရေများ သဖြင့် အိမ်သာလုံလောက်စွာ အသုံးမပြုနိုင်သောကြောင့် ကျန်းမာရေး နှင့် မညီညွတ်ခြင်း။

၅။ မိသားစုတွင် ကလေးဦးရေများပြီး စီးပွားရေး ကျပ်တည်း သဖြင့် မူကြို ဆရာမများ အတွက် လစာထောက်ပံ့ရန်ခက်ခဲခြင်း။

အမျိုးသား အဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ

၁။ မိသားစု စားဝတ်နေရေး ပြေလည်စေရန် တပိုင် တနိုင် ဝင်ငွေရရှိနိုင်မည့် မွေးမြူရေး (ကြက်၊ ဝက်၊ ဆိတ်) နည်းပညာ လိုအပ်ခြင်း။

၂။ ခရီးလမ်းကူး - ဒေါ်ကူး ရှု ရွာချင်း ဆက်သွယ်သည့် မြေသား မညီညာမှု၊ မိုးတွင်း လမ်းချော်မှုတို့ကြောင့် သွားလာရာတွင် အခက်အခဲဖြစ်ခြင်း။

၃။ မိသားစု စားဝတ်နေရေး အခက်အခဲကြောင့် မီတာဘောက် မဝယ်နိုင်သဖြင့် လျှပ်စစ်မီး အိမ်တိုင်း မရရှိခြင်း။

၄။ ရွာတွင်း နာမကျန်းသော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ အရေးပေါ် အခြေအနေတွင် ကျန်းမာရေး စောင့်ရှောက်မှုခံယူနိုင်ရန် ဆေးပေးခန်း ရှိသော်လည်း ကျန်းမာရေးဝန်ထမ်း မရှိခြင်း။

၅။ ဒေသထွက် သီးနှံများ ဈေးကွက် မတည်ငြိမ်ခြင်းကြောင့် စီးပွားရေး ကျပ်တည်းခြင်း။

၆။ ပညာရေးနှင့်ပတ်သက်သော သင်ထောက်ကူများ၊ ထောက်ပံ့မှု အားနည်းခြင်း။

၇။ ကျေးရွာသုံး တတ်စင်ခုံမှာ အမိုးမရှိသဖြင့် ရာသီမရွေး အသုံးပြုရန် အခက်အခဲ ဖြစ်ခြင်း။

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | မွေးမြူရေး (ကြက်၊ ဝက်၊ နွား) နည်းပညာ | ☐မ ☑ကျား | | |
| | ၂ | သင်တန်းနှင့် ရေချိုးနေရာ မှတဆင့်ဖြစ်မှု | ☐မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျန်းမာရေးဝန်ထမ်း | ☑မ ☑ကျား | | |
| | ၂ | စာသင်ကျောင်း အိမ်သာ | ☑မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | မူကြိုဆရာမလစာ ထောက်ပံ့မှု | ☑မ ☐ကျား | | |
| | ၂ | ပညာရေး ထောက်ပံ့မှု | ☐မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အကြီး | ၁ | ယျပ်ခြေဖိုး | ☑မ ☑ကျား | | |
| | ၂ | ဂွာချိုး ဆက်လဖိုး | ☑မ ☑ကျား | | |
| | ၃ | ဓသာက်သုံး ရေ | ☑မ ☑ကျား | | |
| | ၄ | ရှာသုံး ဘတ်ခင်ခုံ၊ အသိုး | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |